# အောင်သီရိကျေးရွာ

# ပုဗ္ဗသီရိမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၂၃ - ၂၀၂၄ ခုနှစ် )

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

အောင်သီရိကျေးရွာ၊ပုဗ္ဗသီရိမြို့နယ်

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပုဗ္ဗသီရိမြို့နယ်မှကူညီရေးဆွဲသည်)

၂၀၂၄ခုနှစ်၊ မတ်လ

# မာတိကာ


| စဉ် | အကြောင်းအရာ | |
|---|---|---|
| | **စကားချီး** | ၃-၄ |
| | **အေးမြင့်သာယာကျေးရွာကျေးရွာသယံဇာတပြမြေပုံ၊ပုဗ္ဗသီရိမြို့နယ်** | ၅-၆ |
| | | |
| ၁။ | **တည်နေရာနှင့်ပထဝီဝင်အနေအထား** | ၇ |
| ၂။ | **ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ** | ၇ |
| ၃။ | **ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ** | ၇ |
| ၄။ | **စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ** | ၇ |
| | (က) သီးနှံစိုက်ပျိုးရေး | ၇-၈ |
| | (ခ)  မွေးမြူရေးလုပ်ငန်း | ၈-၉ |
| | (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ | ၉ |
| | (ဃ) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု | ၉ |
| ၅။ | **အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ** | ၁၀ |
| | (က)  ကျေးလက်သယ်ယူပို့ဆောင်ရေး | ၁၀ |
| | (ခ)  ကျေးရွာမီးလင်းရေး | ၁၀ |
| | (ဂ)  သတင်းနှင့်ဆက်သွယ်ရေး | ၁၀ |
| ၆။ | **ပညာရေး** | ၁၁ |
| ၇။ | **ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး** | ၁၁-၁၂ |
| ၈။ | **ဘာသာရေးအဆောက်အဦများနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | ၁၂ |
| ၉။ | **ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ** | ၁၂ |
| ၁၀။ | **ဦးစားပေးဆောင်ရွက်မည့်အဆိုပြုစီမံချက်လုပ်ငန်းများ** | ၁၃-၁၄ |
| **နောက်ဆက်တွဲ** | | |
| | နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း | ၁၅ |
| | နောက်ဆက်တွဲ(၂) ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြု ဇယားများ | ၁၆-၅၁ |
| | **နောက်ဆက်တွဲ (၃)** ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု အခြေပြဇယား | ၅၂-၅၆ |
| | **နောက်ဆက်တွဲ (၄)** ဦးစားပေးစီမံချက်အဆိုပြုလွှာ (၁) | ၅၇-၅၈ |
| | | |
| | | |

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၂၃-၂၀၂၄ခုနှစ်၊ဘဏ္ဍာရေးနှစ်မှ၂၀၂၇-၂၀၂၈ ခုနှစ်ဘဏ္ဍာရေးနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသောလူထုအများ စုပေါင်းပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံညာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်းကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများစနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကိုမသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင်ပေးရုံသာမက နည်းပေးလမ်းပြ ကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကိုသိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက် ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီးလုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသောဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့် သက်ဆိုင်ရာဦးစီးဌာနအသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍နောင်တွင်လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာအား ထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်

ရန်အတွက် ပံ့ပိုးကူညီမှုများရရှိနိုင်မည်ဖြစ်ပါကြောင်းယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ်ဦးစားပေးစီမံချက်အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား စသည်တို့ကို အဓိကထားဖော်ပြထားပါသည်။

မတ်လ၊၂၀၂၄

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ
အောင်သီရိကျေးရွာ
ပုဗ္ဗသီရိမြို့နယ်




**အောင်သီရိကျေးရွာသယံဇာတပြမြေပုံ၊ ပုဗ္ဗသီရိမြို့နယ်**



အောင်သီရိကျေးရွာအဖွဲ့အစည်းချိတ်ဆက်မှုပြမြေပုံ၊ ပုဗ္ဗသီရိမြို့နယ်

## ၁။ တည်နေရာနှင့်ပထဝီဝင်အနေအထား

**အောင်သီရိကျေးရွာ**သည် ဧယျာဝတီခရိုင်၊ ပုဗ္ဗသီရိမြို့နယ်၏ **သပြေစမ်းကျေးရွာ** အုပ်စုတွင် တည်ရှိပြီး **Longitude 96.167362၊ Lattitude 19.954701**တွင်တည်ရှိပါသည်။ ကျေးရွာ၏ အရှေ့ဘက်တွင် ရဲတပ်ရင်း၊အနောက်ဘက်တွင် တပ်ကုန်း expy လမ်း ၊ မြောက်ဘက်တွင်ကျွန်းတောကြီးနှင့် တောင်ဘက်တွင် **ဗုဒ္ဓဂါယာလမ်းတို့နှင့်** ဆက်လျှက်တည်ရှိနေပါသည်။ ကျေးရွာတွင်ဗမာလူမျိုးများအများစု နေထိုင်ကြပြီး အခြားလူမျိုးအနည်းစုနေထိုင်ကြပါသည်။ အောင်သီရိကျေးရွာသည် မြေပြန့်လွင်ပြင်ဒေသဖြစ်ပါသည်။

## ၂။ ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ

ကျေးရွာ၏ရွာသီဥတုမှာပူပြင်းခြောက်သွေ့သောရာသီဥတုရှိပြီးအမြင့်ဆုံးအပူချိန် (၄၃´C) နှင့် အနိမ့်ဆုံးအပူချိန် (၂၃´C)ဖြစ်ပါသည်။ မိုးအသင့်အတင့် ရွာသွန်းမှုများရှိပါသည်။ စိုက်ပျိုးနိုင်သော မြေဧရိယာမှာလယ်မြေ(၂၅၀) ဧက ယာမြေ(၁၂၀)ဧကရှိပါသည်။ အိမ်ခြံမြေများတွင်လည်း ရာသီအလိုက်ဟင်းသီးဟင်းရွက်ပင်များကို တစ်ပိုင်တစ်နိုင်စိုက်ပျိုးကြပါသည်။ မြေအမျိုးအစားမှာသဲနုန်းမြေဖြစ်ပြီး မြေဆီလွှာအရည်အသွေးမှာ အသင့်အတင့်ကောင်းမွန်ပါသည်။

## ၃။ ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ

ကျေးရွာအတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများတွင် ဘာသာရေးအဖွဲ့(ကျား-၁၅ဦး)၊ (မ - ၅ဦး)သည် ကျေးရွာ၏ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေး၊ သာရေး နာရေး၊ လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများတွင် စည်းရုံးလုပ်ဆောင်နေကြပါသည်။ ကျောင်းကော်မတီအဖွဲ့ (ကျား-၂ဦး)သည် ကျေးရွာ၏ ပညာရေးလုပ်ငန်းများ၊ လူငယ်ပရဟိတအဖွဲ့သည် (ကျား-၁၃ ဦး၊ မ-၈ဦး)သည် သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ဘာသာရေးလုပ်ငန်းများတွင် အားတက်သရော စုပေါင်းလုပ် ဆောင်နေကြပါသည်။

ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများသည် တစ်ဖွဲ့နှင့်တစ်ဖွဲ့ စုစည်းညီညာစွာဖြင့် ကျေးရွာဖွံ့ဖြိုးရေးအတွက် အားတက်သရောစုပေါင်းလုပ်ဆောင်နေကြပါသည်။ သို့သော်လည်း အောင်သီရိကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများမရှိပါ။

## ၄။စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

### (က) သီးနှံစိုက်ပျိုးရေး

**အောင်သီရိ**ကျေးရွာတွင် ၂.၅ဧကအောက်ဆင်းရဲသားတောင်သူ **(၁၀)**အိမ်ထောင်စု၊ ၂.၅ဧကမှ၅ဧကကြား တောင်သူငယ် **(၁၅)** အိမ်ထောင်စု၊၅ဧကမှ ၁၂.၅ဧကကြား တောင်သူလတ် **(၂၅)** အိမ်ထောင်စု၊ **၁၂.၅**ဧက**အထက်တောင်သူ(၁)ဦး** စသည်တို့ရှိကြပြီး အဓိကအားဖြင့် မတ်ပဲ**စိုက်ပျိုးလျှက်ရှိပြီး ရာသီအလိုက်** ပဲတီစိမ်း၊နှမ်း၊ငှက်ပျော**သီးနှံများနှင့်လယ်မြေများတွင် စပါးစိုက်ပျိုးလျှက်ရှိပါသည်။ ထို့အပြင်** ဥယျာဉ်ခြံသီးနှံများကို စိုက်ပျိုးကြပါသည်။ မြေယာမဲ့

အိမ်ထောင်စုသည် စုစုပေါင်းအိမ်ထောင်စုထက်ဝက်ခန့်ရှိပြီး အများစုသည် နေ့စားကျပန်းနှင့် ပြည်ပတွင်သွားရောက်လုပ်ကိုင်နေကြပါသည်။

ကျေးရွာ၏စိုက်ပျိုးရေမှာ မိုးရေကိုသာအဓိကထားစိုက်ပျိုးလုပ်ကိုင်ကြပါသည်။ **အထွက်** နှုန်းမှာရာသီဥတုအပေါ်အခြေခံ၍ပြောင်းလဲလျှက်ရှိပါသည်။ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ များအနေဖြင့် ထွက်ရှိလာသောသီးနှံများအား ရောင်းချရာတွင် မျိုးကောင်းမျိုးသန့်များဝယ်ယူ ရရှိနိုင်သော်လည်း အရင်းအနှီးမလုံလောက်ခြင်း၊ နည်းပညာသိရှိမှုအားနည်းခြင်း၊ ဈေးကွက် မတည်ငြိမ်မှုကြောင့် အကျိုးအမြတ်ရရှိမှုတွင် အသင့်အတင့်သာရှိပါသည်။ စိုက်ပျိုးရေး လုပ်ငန်းတွင် လုပ်သားအင်အားရှားပါးလာခြင်း၊ လယ်ယာသုံးစက်ကိရိယာ မလုံလောက်ခြင်း၊ စိုက်ပျိုးစရိတ်မလုံလောက်ခြင်း စသည့်အခက်အခဲများကိုလည်း ကြုံတွေ့လျက်ရှိပါသည်။ ထို့ကြောင့် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်နေသူများအတွက် စိုက်ပျိုးရေးဆိုင်ရာ နည်းပညာများ တိုးတက်စေရန် သင်တန်း/ဟောပြောပွဲများပြုလုပ်ပေးခြင်း၊ စိုက်ပျိုးရေးအတွက် အတိုးနည်း ချေးငွေများရရှိအောင်ဆောင်ရွက်ခြင်း၊ လယ်ယာသုံးစက်ကိရိယာများ သင့်တင့်သောဈေးနှုန်းဖြင့် ငှားရမ်း/ဝယ်ယူအသုံးပြုနိုင်ရေး ချိတ်ဆက်ဆောင်ရွက်ပေးခြင်းများ ဆောင်ရွက်ပေးခြင်းဖြင့် ပိုမို အဆင်ပြေလာနိုင်မည်ဖြစ်ပါသည်။

ကျေးရွာအတွင်းရှိ လယ်သမားများတွင်တစ်ဦးချင်းပိုင်**ထွန်စက်(၁)စီး၊ လက်တွန်းထွန် စက်(၁)စီး နှင့် မြက်ရိတ်စက်(၁)ခု**ရှိပြီး ကျန်တောင်သူများသည် ငှားရမ်းအသုံးပြုကြပါသည်။

သီးနှံအထွက်တိုးစေရန် သဘာဝမြေဆွေး၊ အော်ဂဲနစ်မြေသြဇာနှင့် သွင်းအားစုများ၊ ဓာတု ပိုးသတ်ဆေး၊ ဓာတ်မြေသြဇာနှင့် အခြားဓာတုဗေဒသွင်းအားစုများ၊ သီးနှံမျိုးစေ့များကိုလည်း လွယ်ကူစွာဝယ်ယူရရှိနိုင်ပါသည်။ သီးနှံဈေးကွက်နှင့်ဝန်ဆောင်မှုတွင် ကုန်သည်ပွဲစားများမှ တစ်ဆင့်ရောင်းချ**ခြင်း ၊ ကျည်တောင်ကန်ဈေးသို့ ကုန်စည်ဒိုင်များတွင် ကိုယ်တိုင်သွားရောက် တင်သွင်းခြင်းဖြင့် ဈေးကွက်စီးပွားအဆင်ပြေလျှက်ရှိ**ကြပါသည်။ မိုးစပါးစိုက်ပျိုးရာတွင် စပါး ဖျက်ပိုးနှင့်ခရုများအနည်းငယ်ကျရောက်ပါသည်။

## (ခ) မွေးမြူရေးလုပ်ငန်း

ကျေးရွာတွင်မွေးမြူရေးလုပ်ကိုင်သူများမှာ စိုက်ပျိုးရေးနှင့်တွဲဖက်၍လုပ်ကိုင်ကြပြီး အိမ်ထောင်စုအများစုမှာနွားမွေးမြူပြီး ကြက်နှင့်ဝက်မွေးမြူသောအိမ်ထောင်စုများလည်း ရှိပါ သည်။ ကျွဲမွေးမြူသူအနည်းငယ်ရှိပါသည်။ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူများအနေဖြင့် မွေးမြူရေးနှင့်ပတ်သက်သည့် နည်းပညာများနှင့် ကာကွယ်ဆေးထိုးခြင်း ဝန်ဆောင်မှုများ ရှိသော်လည်း ကျေးရွာသူ/သားများ၏အသိပညာနည်းပါးခြင်း၊ ငွေကုန်ကြေးကျမခံလိုခြင်းများ ကြောင့် ရာသီကူးပြောင်းချိန်တွင်ရောဂါများကူးစက်ခံရပြီး မွေးမြူရေးဆိုင်ရာအသိပညာအား နည်းခြင်း၊ ကြိုတင်ကာကွယ်ဆေးထိုးရန် ငွေကုန်မခံလိုခြင်း၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန နှင့်ချိတ်ဆက်ဆောင်ရွက်မှုအားနည်းခြင်း၊ မိရိုးဖလာမွေးမြူရေးနည်းများကိုသာအသုံးပြုသည့် အတွက် အကျိုးအမြတ်အနည်းငယ်သာရရှိပါသည်။ ထို့ကြောင့် မွေးမြူရေးလုပ်ငန်းများ

ဆောင်ရွက်ရာတွင် မျိုးကောင်းမျိုးသန့်များမွေးမြူနိုင်ရေးဆောင်ရွက်ပေးခြင်း၊ မွေးမြူရေးဆိုင်ရာ အသိပညာများ တိုးတက်အောင်ဆောင်ရွက်ပေးခြင်း၊ ကြိုတင်ကာကွယ်ဆေးထိုးခြင်းများ ဆောင်ရွက်နိုင်ရန် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ပေးခြင်း၊ ပုဂ္ဂလိက စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးမည်ဆိုပါက မွေးမြူရေးလုပ်ငန်း လုပ်ကိုင်လိုသူ ကျေးရွာသူကျေးရွာသားများအနေဖြင့် တစ်နိုင်တစ်ပိုင်မှ စီးပွားဖြစ်တိုးချဲ့မွေးမြူ နိုင်မည်ဖြစ်ပါသည်။

## (ဂ) စိုက်ပျိုးရေး၊မွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ

ကျေးရွာတွင် အိမ်ထောင်စုပေါင်း(၁၄၅)ရှိသည့်အနက် မြေယာမဲ့(၉၄)အိမ်ထောင်စု ရှိသည်ကိုတွေ့ရှိရပါသည်။ ကျေးရွာတွင်အိမ်တွင်းမှုထုတ်ကုန်လုပ်ငန်းမရှိပါ။ဝင်ငွေရလုပ်ငန်းများ အနေဖြင့် အရောင်းအဝယ်(ဈေးရောင်း)လုပ်ကိုင်သူ (၂၅)အိမ်ထောင်စု၊ အသက်မွေးဝမ်းကျောင်း လုပ်ကိုင်သူများတွင် အစိုးရဝန်ထမ်းအိမ်ထောင်စု(၃)စု၊ကားမောင်းသူ (၆) အိမ်ထောင်စု၊ လက်သမား၊ စက်ချုပ်၊ ဝပ်ရှော့၊ ကယ်ရီ၊ ပန်းရံ၊ ပန်းပု၊ ဝရိန်နှင့် သံပန်းလုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်းအိမ်ထောင်စု(၃၅)စုရှိသည်ကိုတွေ့ရှိရပါသည်။ ကျန်အိမ်ထောင်စုများသည် ကျပန်း/ နေ့စားလုပ်ငန်းများလုပ်ကိုင်လျှက်ရှိပါသည်။ ကျပန်း/နေ့စားလုပ်ကိုင်သူ များပြောသည့်အပြင် ၎င်းတို့အနေဖြင့် အလုပ်ရုံ၊စက်ရုံများမရှိခြင်း၊ စိုက်ပျိုးရာသီတွင် အလုပ်အကိုင်ရှိပြီး ကျန်အချိန် များတွင်အလုပ်အကိုင်ရှားပါးပြီး ဝင်ငွေမမှန်ခြင်းများကြောင့် မိသားစုစားဝတ်နေရေး အခက်အခဲ များဖြစ်ပေါ်လျှက်ရှိပါသည်။ ကျပန်း/နေ့စားလုပ်ကိုင်သူများအနေဖြင့် အသက်မွေးဝမ်းကျောင်း ပညာရပ်များတတ်မြောက်မှုနည်းပါးခြင်း၊ သင်တန်းတက်ရောက်ရန် စိတ်ပါဝင်စားသော်လည်း ငွေကြေးမတတ်နိုင်ခြင်း၊ တစ်ပိုင်တစ်နိုင်လုပ်ငန်းများလုပ်ကိုင်ရန်အတွက် အရင်းအနှီးမရှိခြင်း များဖြစ်ပေါ်လျှက်ရှိပါသည်။ ထို့ကြောင့် တစ်ပိုင်တစ်နိုင်လုပ်ငန်းများ လုပ်ကိုင်လိုသူများအတွက် အတိုးနည်းချေးငွေရရှိရေးဆောင်ရွက်ပေးခြင်း၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများ ဖွင့်လှစ်နိုင်ရေး ချိတ်ဆက်ဆောင်ရွက်ခြင်းများပြုလုပ်မည်ဆိုပါက စီးပွားရေးအခြေအနေ ပိုမိုတိုးတက်လာနိုင်မည်ဖြစ်ပါသည်။

## (ဃ) ဘဏ်နှင့်ငွေကြေးဆိုင်ရာလုပ်ငန်းများ

ကျေးရွာတွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ စိုက်ပျိုးရေးချေးငွေရရှိသော်လည်းပုံစံ(၇) ရှိသူများကိုသာ ထုတ်ချေးပေးခြင်းဖြစ်ပါသည်။ကျေးရွာသူ/သားများအနေဖြင့် ဘဏ်ဝန်ဆောင် မှုများနှင့်အလှမ်းဝေးခြင်း၊ အခြားပုဂ္ဂလိကချေးငွေထုတ်ချေးသူများရှိသော်လည်း အတိုးနှုန်းများ ခြင်း၊အပတ်စဉ်အရစ်ကျပြန်လည်ပေးဆပ်ရခြင်း၊ သတ်မှတ်ထားသောစည်းကမ်းချက်များနှင့် ကိုက်ညီသူများကိုသာထုတ်ချေးပေးခြင်း၊ လုပ်ငန်းရင်းနှီးလုပ်ကိုင်ရန်အတွက် ချေးငွေရရှိမှု နည်းပါးခြင်း/မလုံလောက်ခြင်းများတွေ့ရှိရပါသည်။ထို့ကြောင့် ကျေးရွာသူ/သားများအနေဖြင့် လုပ်ငန်းရင်းနှီးငွေလုံလောက်စွာရရှိရေး၊ အတိုးနည်းချေးငွေရရှိရေးများအတွက် ဘဏ်/ငွေကြေး ဝန်ဆောင်မှုအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်သွားရန်လိုအပ်ပါသည်။

## ၅။အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ

### (က) ကျေးလက်သယ်ယူပို့ဆောင်ရေးနှင့်ဝန်ဆောင်မှုအခြေခံအဆောက်အဦ

မိမိတို့ကျေးရွာသည် ကုန်စည်များရောင်းဝယ်ဖောက်ကားနိုင်ရေးအတွက် ကျည်တောင်ကန်ဈေးသည် အနီးဆုံးတွင်တည်ရှိနေပြီး လက်ကားရောင်းဝယ်ခြင်း၊ အဝယ်ဒိုင်များသို့ ရောင်းချခြင်းများအတွက် ကျည်တောင်ကန်ဈေးသို့ ထုတ်ကုန်များအားရောင်းချလျှက်ရှိပါသည်။ ကုန်စည်များသယ်ယူရာတွင် နွားလှည်း၊ ဆိုင်ကယ်၊ ထော်လာဂျီ၊ သုံးဘီးဆိုင်ကယ်နှင့် ကားများကို အသုံးပြုလျှက်ရှိပါသည်။ မိမိတို့ကျေးရွာသည် ရန်ကုန်-မန္တလေး(လမ်းဟောင်း) ကားလမ်းမကြီး အနီးတွင်တည်ရှိသည့်အတွက် ထုတ်ကုန်များရောင်းချခြင်း၊ အသုံးအဆောင်ပစ္စည်းများ ဝယ်ယူခြင်းများတွင် သွားလာရအဆင်ပြေချောမွေ့ပါသည်။ သို့သော် ရွာတွင်းလမ်းများသည် မြေသားလမ်းဖြစ်ပြီး ပွင့်လင်းရာသီတွင်သာ အသုံးပြု၍အဆင်ပြေပါသည်။ မိုးရာသီတွင် မိုးရေတင်ခြင်း၊ ဆင်သေ ချောင်းမှရေလျှံခြင်းများကြောင့် ဗွက်များထခြင်း၊ လမ်းချော်ခြင်းများဖြစ်ပေါ်သဖြင့် ကျေးရွာသူ/သားများ၊ ကျောင်းသား/သူများနှင့် အနီးရှိအခြားကျေးရွာများမှ လမ်းအသုံးပြုသူ ကျေးရွာသူ/သားများအနေဖြင့် သွားလာရခက်ခဲလျှက်ရှိပါသည်။ ထို့ကြောင့် ရွာတွင်းလမ်းများ ပြုပြင်ပြီးဖြစ်ပါက ယခုထက်သွားလာရပိုမိုလွယ်ကူခြင်း၊ ကုန်စည်များပို့ဆောင်ရာတွင် ပိုမို အဆင်ပြေလာမည်ဖြစ်ပါသည်။

### (ခ) လျှပ်စစ်စွမ်းအင်ဆိုင်ရာအခြေခံအဆောက်အဦးများ

အောင်သီရိကျေးရွာတွင် အိမ်ထောင်စုအားလုံး မဟာဓါတ်အားလိုင်းကိုသာအသုံးပြုပြီး လျှပ်စစ်မီးသုံးစွဲသူအိမ်ထောင်စု (၁၄၅)စု ရှိပါသည်။

### (ဂ) ဆက်သွယ်ရေး၊သတင်းနှင့်နည်းပညာဆိုင်ရာအခြေခံအဆောက်အဦ

ကျေးရွာတွင်ဆက်သွယ်ရေးအနေဖြင့်ဖုန်းအသုံးပြုနိုင်သူ(၈၅%)ရှိပါသည်။သတင်းအချက်အလက်နည်းပညာများအနေဖြင့် ကျေးရွာစာကြည့်တိုက်ရှိခြင်း၊ ဖုန်းအသုံးပြုသူများအနေဖြင့် internet၊ social media platform ဖြစ်သောfacebookများအသုံးပြုခြင်း၊ တီဗွီနှင့်ရေဒီယိုများ အသုံးပြုခြင်းဖြင့် ဗဟုသုတနှင့်နည်းပညာအချက်အလက်များကို ရရှိကြောင်း တွေ့ရှိရပါသည်။ သို့သော်ကျေးရွာစာကြည့်တိုက်အဆောက်အဦသည်ပျက်စီးနေခြင်းစာအုပ်အမျိုးအစားစုံစုံလင်လင်မရှိခြင်းများအတွက်ကျေးရွာစာကြည့်တိုက်ပြန်လည်ပြုပြင်ခြင်းနှင့်ကျေးရွာအတွင်းရှိစာဖတ်ဝါသနာပါသူများစုပေါင်း၍အသင်းအဖွဲ့တစ်ခုဖွဲ့စည်းပြီးစာအုပ်များစုဆောင်းခြင်း၊စာအုပ်များအလှူခံခြင်းများအပြင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်သွားမည်ဆိုပါကဗဟုသုတနှင့်သတင်းအချက်အလက်နည်းပညာများပိုမိုတိုးတက်လာနိုင်ပါသည်။

## ၆။ ပညာရေး

### (က) ပညာရေးဝန်ဆောင်မှုရရှိနိုင်မှုအခြေအနေ

မိမိတို့ကျေးရွာတွင် အခြေခံပညာမူလတန်းကျောင်းရှိပါသည်။ မိမိတို့ကျေးရွာနှင့် ကျေးရွာအနီးရှိ အခြားကျေးရွာရှိကလေးများအနေဖြင့် မူလတန်းပညာကို သွားလာရလွယ်ကူစွာသင်ကြားနိုင်သော်လည်း အလယ်တန်းနှင့် အထက်တန်းကျောင်းသား/သူများအနေဖြင့် အ.ထ.က(၂၀)သို့ စက်ဘီး၊ဆိုင်ကယ်များဖြင့် သွားရောက်သင်ကြားရပါသည်။ ဆရာ၊ဆရာမစုစုပေါင်း(၁၀)ဦးရှိပါသည်။ ကျောင်းတွင် ပညာသင်ကြားသူစုစုပေါင်း (၁၅၅)ဦး ရှိပါသည်။ ကျောင်းကော်မတီကဦးဆောင်၍ ကျောင်းသားစုံညီပွဲတော်၊ ပညာရည်ချွန်ဆုပေးပွဲများ ကျင်းပပေးပါသည်။ စာသင်ကျောင်းဝန်းအတွင်း ကျောင်းဆောင်(၃)ဆောင်နှင့် ဆရာ/ဆရာမနားနေဆောင်ရှိပြီး ကျောင်းဆောင်(၁)သည်၉၀’x ၃၀’x၁၂’၊ကျောင်းဆောင် (၂)သည်၉၀’x ၃၀’x၁၂’ရှိပြီးကျောင်းဆောင်(၃)သည်၉၀’x ၁၉’x၁၂’ရှိပြီး ဆရာ/ဆရာမနားနေဆောင် ၃၆’x၁၇’x၉’ရှိပါသည်။ စာသင်ကျောင်း၏စုစုပေါင်းကြမ်းခင်းဧရိယာမှာ(၁၀၅၅၉)စတုရန်းပေရှိပါသည်။ ကျောင်းဝန်းသည်ကျယ်ဝန်းသည့်အတွက် ကလေးငယ်အနေဖြင့် လွတ်လပ်စွာကစားနိုင်ပါသည်။ နှစ်စဉ်ကျောင်းသားဦးရေတိုးလာသည့်အတွက် မူလတန်းကျောင်းမှ အလယ်တန်းကျောင်းအဆင့်မြှင့်တင်ရန် လိုအပ်လျှက်ရှိပါသည်။ ကျောင်းအဆင့်မြှင့်တင်မည်ဆိုပါကကျောင်းဆောင်တိုးချဲ့ဆောက်လုပ်ရန်အတွက် မြေနေရာရှိပြီးဖြစ်ပါသည်။ စာသင်ကျောင်းလက်ရှိအခြေအနေသည် အသင့်အတင့်ရှိသည့်အတွက် ကျောင်းသား/သူများလုံခြုံစွာ ပညာသင်ကြားနိုင်ပါသည်။ ကျေးရွာအတွင်းရှိ မသန်စွမ်းကလေးငယ်များအတွက် ပညာရေးအစီအစဉ်များမရှိပါ။

## ၇။ ကျန်းမာရေး

### (က) ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာဝန်ဆောင်မှုရရှိမှုအခြေအနေ

အောင်သီရိကျေးရွာတွင်ကျန်းမားရေးဌာနမှတာဝန်ကျဆရာ/မများမှကာကွယ်ဆေးထိုးနှံပေးမှုများရှိသော်လည်းကျန်းမာရေးအတွက်ကုသရန်ကျေးလက်ဆေးပေးခန်းရှိပါသည်။ကျေးရွာတွင်သွေးတိုး၊ဆီးချိုရောဂါဖြစ်ပွားသူတစ်နှစ်ထက်တစ်နှစ်များပြားလာပါသည်။ရာသီလိုက်ဖြစ်ပွားတတ်သောဝမ်းပျက်ဝမ်းလျော၊သွေးလွန်တုပ်ကွေးဖြစ်ပွားမှုသည်အနည်းငယ်သာရှိပါသည်။ဆေးဆိုင်များသည်ကျေးရွာအတွင်းမရှိပါ။ဆေးလိုအပ်ပါကပျဉ်းမနား၊ကျည်တောင်ကန်ကျေးရွာများသို့သွားရောက်ဝယ်ယူရခြင်းဖြစ်ပါသည်။ကိုယ်ဝန်ဆောင်မိခင်များနှင့်သက်ကြီးရွယ်အိုများ၊အရေးပေါ်ဆေးကုသရန်လိုအပ်သူများအနေဖြင့်ကျန်းမာရေးနှင့်ပတ်သတ်၍ပုဗ္ဗသီရိ၊ပျဉ်းမနားဆေးရုံများသို့သွားရောက်ပြသရသည့်အတွက်သွားလာရာတွင်ရွာတွင်းလမ်းများမကောင်းခြင်း၊သွားလာရဝေးခြင်း၊အလွယ်တကူကားငှား၍မရခြင်းစသည့်အခက်အခဲများရှိပါသည်။ထို့ကြောင့်ကျန်းမာရေးအတွက်ကျန်းမာရေးအသိပညာပေးဟောပြောပွဲများကျင်းပပေးခြင်းဖြင့်ကျေးရွာသူကျေး

ရွာသားများအတွက်ကျန်းမာရေးအသိပညာများတိုးပွားလာပြီးကျန်းမာရေးအတွက်ပိုမိုစိတ်ချရသည့်အခြေအနေများရရှိနိုင်ပါသည်။

## (ခ) သောက်သုံးရေရရှိမှုနှင့်သန့်ရှင်းရေး

အောင်သီရိကျေးရွာတွင်အဝီစိတွင်း/တုံကင်(၂၅)တွင်း၊ အဝီစိတွင်း/စက်တပ်(၃၅)တွင်း ရှိပြီး ကျေးရွာသူ/သားများအနေဖြင့် နွေ၊မိုး၊ဆောင်း သုံးရာသီလုံး လုံလောက်မှုရှိပါသည်။ ကိုယ်ပိုင်ရေတွင်းမရှိသူ ကျေးရွာသူ/သားများအနေဖြင့်လည်း နီးစပ်ရာအိမ်ထောင်စုများနှင့် တွဲဖက်အသုံးပြုခြင်းဖြစ်ပါသည်။ ကျေးရွာရှိအိမ်ထောင်စုအားလုံးသည် ယင်လုံအိမ်သာများကို သာအသုံးပြုကြပါသည်။ကျေးရွာရှိအိမ်ထောင်စု (၁၃၀)စုသည် ကိုယ်ပိုင်ယင်လုံအိမ်သာများရှိပြီး ကျန်အိမ်ထောင်စုများမှာမိဘများနှင့်တွဲဖက်နေထိုင်အသုံးပြုကြခြင်းဖြစ်ပါသည်။

## ၈။ သဘာဝဘေးအန္တရာယ်ထိခိုက်မှုအခြေအနေ

အောင်သီရိကျေးရွာတွင် သဘာဝဘေးအန္တရာယ်အနေဖြင့် ဆိုးဆိုးဝါးဝါးအခြေအနေများ ကြုံတွေ့ရခြင်းမရှိသေးပါ။

## ၉။ ကျား၊မရေးရာ

လူဦးရေဆိုင်ရာအချက်အလက်အရအမျိုးသမီးဦးရေသည်အမျိုးသားဦးရေထက်ပိုမိုများပြ ားသည်ကိုတွေ့ရပါသည်။ပညာရေးဆိုင်ရာကဏ္ဍများတွင်လည်းအမျိုးသမီးများသည်အမျိုးသားများထက်ပညာလေ့လာသင်ယူရာတွင်ပိုမိုများပြားပါသည်။ထို့ကြောင့်ပညာရေးကဏ္ဍအနေဖြင့်အမျိုးသမီးများတန်းတူအခွင့်အရေးရရှိပါသည်။အုပ်ချုပ်ရေးပိုင်းတွင်အမျိုးသမီးများပါဝင်ဆောင်ရွက်ရန်ခွင့်ပြုထားသော်လည်းအမျိုးသမီးမျာအနေဖြင့်အိမ်မှုကိစ္စများကိုသာဦးစားပေးဆောင်ရွက်နေရသည့်အတွက်ပါဝင်မှုမရှိပါ။သို့သော်လည်းလူမှုရေးကိစ္စများ၊ကျေးရွာသာရေး၊နာရေးကိစ္စများတွင်အမျိုးသမီးများတက်တက်ကြွကြွပါဝင်လုပ်ဆောင်ကြပါသည်။မိမိတို့ကျေးရွာတွင်အမျိုးသမီးများ၌သံသယဖြစ်ဖွယ်အကြမ်းဖက်မှုများ (သို့မဟုတ်) တိုင်ကြားမှုများမရှိခဲ့ပါ။ အကြမ်းဖက်မှုဆိုင်ရာဥပဒေနှင့်ပတ်သတ်၍ကျေးရွာလူထု၌အသိပညာရှိကြပါသည်။

## ၁၀။ဦးစားပေးဆောင်ရွက်မည့်အဆိုပြုစီမံချက်လုပ်ငန်းများ

| ကျေးရွာအုပ်စုအမည် – သပြေစမ်း | | | ကျေးရွာအမည် – အောင်သီရိ | ဦးစားပေးအဆင့် | မှတ်ချက် |
|---|---|---|---|---|---|
| စဉ် | ကဏ္ဍ | စီမံချက် ဆိုလိုရင်း | စီမံချက်နှင့်လုပ်ငန်းစဉ်များ | | |
| ၁ | အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေး | အုပ်ချုပ်ရေး နှင့် စီမံခန့်ခွဲရေး | – | | |
| ၂ | စိုက်ပျိုးရေး | နည်းပညာ | | | |
| ၃ | မွေးမြူရေးနှင့်ငါးလုပ်ငန်း – မွေးမြူရေးဆေးပညာ | တိရိစ္ဆာန် မွေးမြူရေး | – | | |
| ၄ | ထုတ်ကုန်လုပ်ငန်းနှင့်အသေး စား–အလတ်စား စီးပွားရေး လုပ်ငန်းများဆိုင်ရာ | ထုတ်ကုန်လုပ်ငန်းများ၊ SMLE | | | |
| ၅ | ငွေကြေး | အသေးစား | | | |
| ၆ | ပညာရေး | ကျောင်းအဆောက်အဦ ၊ ပရိဘောဂ၊ သင်ထောက်ကူ | | | |
| ၇ | ပညာရေး | ကျောင်းအဆောက်အဦ ၊ ပရိဘောဂ၊ သင်ထောက်ကူ | | | |
| ၈ | ကျန်းမာရေး | ကျေးလက် ကျန်းမာရေး၊ | ကျေးလက်ဆေးပေးခန်းတည်ဆောက်ခြင်း | ၅ | |

| ကျေးရွာအုပ်စုအမည် – သပြေစမ်း | | | ကျေးရွာအမည် – အောင်သီရိ | ဦးစားပေးအဆင့် | မှတ်ချက် |
|---|---|---|---|---|---|
| စဉ် | ကဏ္ဍ | စီမံချက် ဆိုလိုရင်း | စီမံချက်နှင့်လုပ်ငန်းစဉ်များ | | |
| ၉ | Transformerတပ်ဆင်ခြင်း | စိုက်ပျိုးရေရရှိရေး | | | |
| ၁၀ | အခြေခံအဆောက်အဦ | ကျေးလက်လမ်းတံတား | ဂါလံ(၅၀၀၀)ဆံ့အုတ်ရေကန်တည်ဆောက်ခြင်းနှင့် ရွာတွင်းလမ်းသွယ်များရိစာခင်းခြင်း | ၁ | |
| ၁၁ | အခြေခံအဆောက်အဦ | ကျေးလက်လမ်းတံတား | ကျေးရွာခန်းမတည်ဆောက်ခြင်း | ၂ | |
| ၁၂ | အခြေခံအဆောက်အဦ | ကျေးလက်လမ်းတံတား | ရွာတွင်းဒုတိယလမ်းမကြီးရိစာလမ်းခင်းခြင်း | ၃ | |
| ၁၃ | အခြေခံအဆောက်အဦ | ကျေးလက်လမ်းတံတား | | | |
| ၁၄ | အခြေခံအဆောက်အဦ | ကျေးလက်လမ်းတံတား | | | |
| ၁၂ | က | မဟာဓာတ်အားလိုင်း | ရွာတွင်းမီးလိုင်းဓာတ်အားတိုးချဲ့ခြင်း | ၄ | |
| ၁၃ | လူငယ်နှင့်အားကစား | လူငယ့်အခွင့်အလမ်း | | | |
| ၁၄ | လူငယ်နှင့်အားကစား | လူငယ့်အခွင့်အလမ်း | | | |
| ၁၅ | လူငယ်နှင့်အားကစား | လူငယ့်အခွင့်အလမ်းနှင့် အမျိုးသမီး | | | |
| ၁၆ | သယံဇာတနှင့် သဘာဝဝန်းကျင် | မီးဘေးလုံခြုံရေး | | | |

## သပြေစမ်းကျေးရွာအုပ်စု၊ အောင်သီရိကျေးရွာကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးတင်ဦး | ဦးအောင်သိန်း | ၉/တကန(နိုင်)၀၇၆၉၃၇ | ၆၇ | ဥက္ကဋ္ဌ | ၀၉-၆၆၈၃၉၆၁၉၉ |
| ၂ | ဦးကျော်နိုင် | ဦးထွန်းမှီ | ၉/တကန(နိုင်)၁၄၉၅၅၅ | ၅၂ | အတွင်းရေးမှူး | ၀၉-၇၉၉၂၀၀၄၉၄ |
| ၃ | ဦးဝင်းလှိုင် | ဦးဆန်း | ၉/တကန(နိုင်)၁၁၉၈၆၉ | ၄၁ | အဖွဲ့ဝင် | ၀၉-၂၅၀၁၀၀၃၃၇ |
| ၄ | ဒေါ်သီတာဝင်း | ဦးစန်းဝင်း | ၉/တကန(နိုင်)၀၁၀၄၆၀ | ၃၈ | အဖွဲ့ဝင် | ၀၉-၆၆၁၈၀၄၀၆၂ |
| ၅ | ဒေါ်ဝင်းသီတာ | ဦးမြကျော် | ၉/တကန(နိုင်)၁၄၆၇၂၉ | ၃၉ | အဖွဲ့ဝင် | ၀၉-၇၅၁၂၁၉၅၃၅ |
| ၆ | ဒေါ်ဝါဝါသင်း | ဦးထွန်းဝင်း | ၉/ပဗသ(နိုင်)၁၆၁၈၀၉ | ၃၀ | အဖွဲ့ဝင် | ၀၉-၂၆၀၈၅၃၀၉၁ |
| ၇ | ဒေါ်ခင်မာမြင့် | ဦးလှသန်း | ၉/ကပတ(နိုင်)၂၅၈၄၇၈ | ၂၈ | အဖွဲ့ဝင် | ၀၉-၄၀၈၁၂၇၆၅၂ |

## အေးမြင့်သာယာ်ကျေးရွာအုပ်စု၊ အေးမြင့်သာယာကျေးရွာကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း(ဝယ်ယူရေး)

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးဝင်းနိုင် | ဦးငယ် | ၉/တကန(နိုင်)၂၄၆၆၇၃ | ၄၀ | ဥက္ကဋ္ဌ(ဝယ်ယူရေး) | ၀၉-၂၅၀၂၉၆၄၂ |
| ၂ | ဦးသိန်းဝင်း | ဦးအောင်ထွန်း | ၉/တကန(နိုင်)၀၈၄၇၇၇ | ၅၄ | ဘဏ္ဍာရေးမှူး | ၀၉-၄၄၉၄၅၄၄၈ |
| ၃ | ဒေါ်ဝါဝါသင်း | ဦးထွန်းဝင်း | ၉/ပဗသ(နိုင်)၁၆၁၈၀၉ | ၃၀ | စာရင်းကိုင် | ၀၉-၂၆၀၈၅၃၀၉၁ |

## ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

**(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ**

**(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ**

**ဇယား ( ၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၁၀ | ၅ | ၁၅ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅ နှစ်အောက်ကလေးငယ် | ၁၉ | ၂၂ | ၄၁ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၃၉ | ၄၇ | ၈၆ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၅၁ | ၅၆ | ၁၀၇ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၁၄၂ | ၁၇၀ | ၃၁၂ |
| ၆၅ နှစ် အထက် | သက်ကြီးရွယ်ကြီး | ၇ | ၁၀ | ၁၇ |
| စုစုပေါင်း | | ၂၆၈ | ၃၁၀ | ၅၇၈ |
| စုစုပေါင်း အိမ်ထောင်စု | | ၁၃၆ | | |

**ရင်းမြစ်...**(၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ (၃) ဆယ်အိမ်စုဆွေးနွေးပွဲ။

**လေ့လာတွေ့ရှိချက်။ အောင်သီရိကျေးရွာတွင်** အလုပ်လုပ်နိုင်သည့်အရွယ်များပြားပြီး လုပ်သားအင်အားပေါ်များသောကြောင့် လူသားအရင်းအမြစ်ကောင်းများအဖြစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ထောက်ပံ့မှုပေးနိုင်ပါသည်။

**(ခ) အလုပ်လုပ်နိုင်သူအင်အား**

**(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား**

**ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား**

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်း မဟုတ်သော အခြား ဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာ <u>တစ်ခုကိုသာ</u>ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၅၁ | ၉၃ | ၂၀ | မြင့် ☐ လတ် ✓ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁၀ | ၁၀ | ၅ | မြင့် ☐ လတ် ☐ နိမ့် ✓ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၂၀ | ၂၀ | ၁၀ | မြင့် ☐ လတ် ✓ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်း မဟုတ်သော အခြား ဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာ တစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | အလုပ်သမား / ဝန်ထမ်း | ၁၀ | ၁၀ | ၁၀ | မြင့် ☐ လတ်☐ နိမ့်✓ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | – | – | – | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | – | – | – | မြင့် ☐ လတ်☐ နိမ့်☐ |
| ၄ | **သစ်တောလုပ်ငန်း** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | – | – | – | မြင့် ☐ လတ်☐ နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | – | – | – | မြင့် ☐ လတ်☐ နိမ့်☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | – | – | – | မြင့် ☐ လတ်☐ နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | – | – | – | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | မြင့် ☐ လတ်☐ နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | – | – | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | မြင့် ☐ လတ်☐ နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | – | – | – | မြင့် ☐ လတ်☐ နိမ့်☐ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၆ | ၂၅ | ၁၅ | မြင့် ☐ လတ်✓ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၃၀ | ၈၀ | ၂၀ | မြင့် ☐ လတ်☐ နိမ့် ✓ |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | – | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | – | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | မြင့် ☐ လတ်✓ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | – | – | – | မြင့် ☐ လတ်☐ နိမ့်☐ |
| ၁၁ | **လက်လီ– လက်ကား ရောင်းဝယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | မြင့် ☐ လတ်✓ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့်☐ |
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | – | မြင့် ☐ လတ်☐ နိမ့်☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်း မဟုတ်သော အခြား ဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာ တစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | | |
| | အလုပ်သမား / ဝန်ထမ်း | – | – | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၃ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့်☐ |
| ၁၄ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | – | – | – | မြင့် ☐ လတ်☐ နိမ့်☐ |
| ၁၅ | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | – | – | – | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၆ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | – | – | – | မြင့် ☐ လတ် ✓ နိမ့် ☐ |
| ၁၇ | **ပညာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | – | | | မြင့် ☐ လတ်✓ နိမ့် ☐ |
| ၁၈ | **ကျန်းမာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | – | – | | မြင့် ☐ လတ်✓ နိမ့် ☐ |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | မြင့် ☐ လတ်☐ နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | – | – | – | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | – | | | |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | – | – | – | မြင့် ☐ လတ်☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | – | – | မြင့် ☐ လတ်✓ နိမ့် ☐ |
| | **စုစုပေါင်း** | ၁၃၆ | ၂၃၈ | ၈၀ | ☒ |

**ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။ ။"အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ"** အရေအတွက်တွင် **"မိသားစုဝင်လုပ်အား"ထပ်မံထည့်သွင်း**ကောက်ယူခြင်းမပြုရပါ။**"ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်)"** ဆိုသည်မှာဖော်ပြပါလုပ်ငန်းတစ်ခုတွင်ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ(သို့မဟုတ်) အလုပ်သမား /ဝန်ထမ်းအဖြစ်လုပ်ကိုင်လိုသူများအတွက်အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကို ဆိုလိုပါသည်။ဥပမာ –**"စိုက်ပျိုးရေး"** ကဏ္ဍ ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင်ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါကအဆိုပါလုပ်ငန်းတွင်ကိုယ်ပိုင်လုပ်ငန်းတစ်ခုလုပ်ကိုင်ရန်အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။ ။**အောင်သီရိကျေးရွာသည် **စိုက်ပျိုးရေးနှင့်မွေးမြူရေးကို လုပ်ကိုင်သူဦးရေများပြားပြီး တစ်ပိုင်တစ်နိုင်လုပ်ကိုင်သည့် အိမ်ထောင်စုများလည်းရှိပါသည်။** အလုပ်အကိုင်အခွင့်အလမ်းပိုမိုရရှိစေရန် ပြည်ပသွားရောက် အလုပ်လုပ်ကိုင်သူများလည်းရှိပါသည်။

**(ခ–၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

**ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၅၀၀၀ | ၄၅၀၀ | ၄၅၀၀ | ၄၅၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | ၄၅၀၀ | ၄၅၀၀ | ၄၅၀၀ | ၄၅၀၀ |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊ မွေးမြူခြင်း) | နေ့စား | – | – | – | – |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များထုတ်လုပ်ခြင်း | နေ့စား | – | – | – | – |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | | – | – | – |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ပန်းရံလုပ်ငန်း | နေ့စား | ၁၀၀၀၀ | ၈၀၀၀ | ၈၀၀၀ | ၇၀၀၀ |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | – | – | – | – |
| ၈ | လက်လီ–လက်ကား ရောင်းဝယ်ရေး | နေ့စား | – | – | – | – |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | နေ့စား | – | – | – | – |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း | နေ့စား | – | – | – | – |

**ရင်းမြစ်…ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။**

**မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)**

**(၂) နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ =(တစ်နာရီဝင်ငွေ×၈)**

လေ့လာတွေ့ရှိချက်။ အောင်သီရိကျေးရွာတွင်ကျား/မဝင်ငွေများသည် ကွာခြားမှုရှိသည်။ နေ့စားများ၏တစ်ရက်ဝင်ငွေမှာ လောက်ငသည်ထင်ရသော်လည်း နေ့စဉ်ဝင်ငွေရရှိမှသာ အဆင်ပြေနိုင်မည်ဖြစ်သဖြင့် နေ့စဉ်အလုပ်ရရှိရန်လိုအပ်သည်ဟု လေ့လာတွေ့ရှိရသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သောမြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|
| လယ်မြေ | ၆၉ | ကောင်း✓ သင့်☐ ညံ့ ☐ |
| ယာမြေ/ တောင်ယာမြေ | ၁၄ | ကောင်း ✓ သင့် ☐ ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | | ကောင်း ☐ သင့် ✓ ညံ့ ☐ |
| ကိုင်း/ကျွန်းမြေ | - | ကောင်း ☐ သင့် ညံ့ ☐ |
| ဓနိတောမြေ | - | ကောင်း☐ သင့် ညံ့ ☐ |
| စားကျက်မြေ | - | ကောင်း☐ သင့် ✓ ညံ့ ☐ |
| မြေလွတ်မြေလပ် | | ကောင်း☐ သင့် ညံ့ ☐ |
| စုစုပေါင်း | ၈၃ | ☒ |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ အောင်သီရိကျေးရွာ၏ မြေဆီလွှာမှာအသင့်အတင့်ကောင်းမွန်ပြီး သီးနှံစိုက်ပျိုးရာတွင် မိုးရေကိုသာ အဓိကထားစိုက်ပျိုးရသည့်အတွက် အခက်အခဲအနည်းငယ်ရှိပါသည်။ ရွာအနီးတွင် ချောင်းခြောက်ဆည် ရှိပါသည်။

(ဂ-၂) ခာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ခာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

| အမျိုးအစား | ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝ အတိုင်းတွေ့ရှိ နိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|
| သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ခာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။) | များ ☐ သင့်☐ နည်း ☐ မရှိ ✓ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐ |
| ကျောက်၊သဲ၊ကျောက်စရစ် စသည်များ | များ ☐ သင့် နည်း ☐ မရှိ ✓ | လွယ် ☐ ခက် အသုံးမပြုနိုင်ပါ ☐ |
| သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) | များ ☐ သင့်✓ နည်း ☐ မရှိ ✓ | လွယ် ✓ ခက်☐ အသုံးမပြုနိုင်ပါ ☐ |
| သဘာဝတိရစ္ဆာန်မျိုးစိတ်များ | များ ☐ သင့်☐ နည်း☐ မရှိ✓ | ☒ |

ရင်းမြစ်…ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ အောင်သီရိကျေးရွာတွင်ဓာတ်သတ္တုနှင့်အခြား သဘာဝ အရင်းအမြစ်များမရှိပါ။

(ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေ သော အိမ်ထောင်စု | အလယ်အလတ် ရှိသောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေ လည်သော အိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | ၅ကေအထက် | ၅ကေအောက် | ၅ကေအောက် | မရှိ |
| အိမ်အခြေအနေ | တိုက်အိမ် | သွပ်မိုး၊ပျဉ်ထောင်၊ ပျဉ်ခင်း၊ပျဉ်ကာ | သွပ်မိုး၊ပျဉ်ထောင်၊ ပျဉ်ခင်း၊ပျဉ်ကာ၊ ဝါးအိမ် | ဖက်မိုး၊ဖက်ကာ၊ ဝါးခင်း၊ဝါးအိမ်တိုင် |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု | ကရိန်း၊ကား၊ဆိုင်ကယ်၊ ထော်လာဂျီ၊ လက်တွန်း ထွန်စက် | ကား၊ဆိုင်ကယ်၊ ထော်လာဂျီ၊ လက်တွန်းထွန်စက် | လက်တွန်းထွန်စက်၊ ဆိုင်ကယ် | မရှိ |
| အဓိကစီးပွားရေးလုပ်ငန်း | ရေခဲစက်၊အဆောင်၊ စပါး၊ ရော်ဘာခြံ၊ ဈေး ဆိုင်၊စားသောက်ဆိုင် | စပါး၊ရော်ဘာခြံ၊ ဈေးဆိုင် | စပါး၊ဆိုင် ကယ်ကယ်ရီ၊ ဘေးတွဲကုန်စုံဆိုင် | ကြုံရာကျပန်း |
| အိမ်ထောင်စု | ၃၆ | ၃၀ | ၄၀ | ၃၀ |

ရင်းမြစ်… (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။အောင်သီရိကျေးရွာ၏ဥစ္စာဓန အဆင့်အတန်းမှာ အလယ်အလတ်တွင် တည်ရှိနေကြောင်း လေ့လာတွေ့ရှိရပါသည်။

(င) ထိခိုက်လွယ်မှု

(င-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏၇၀ရာခိုင်နှုန်းစီ)

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စု အရေအတွက်များကိုဖော်ပြရန်) |
|---|---|---|
| ၃လအောက်ဝမ်းစာ ဖူလုံမှု | ၇၀ | အခြားအစာပြောင်းလဲစား = ___________<br>အစာလျှော့စား = ___________<br>အထောက်အပံ့ယူ = ___________<br>ချေးယူ = ၄၁<br>လုပ်အားခကြိုယူ = ၂၉ |
| ၃လနှင့်၆လကြား ဝမ်းစာဖူလုံမှု | ၃၀ | အခြားအစာပြောင်းလဲစား = ___________<br>အစာလျှော့စား = ___________<br>အထောက်အပံ့ယူ = ___________<br>ချေးယူ = ၁၅<br>လုပ်အားခကြိုယူ = ၁၅ |
| ၆လမှ၁၂လအထိ ဝမ်းစာဖူလုံမှု | ၃၆ | အခြားအစာပြောင်းလဲစား = ___________<br>အစာလျှော့စား = ___________<br>အထောက်အပံ့ယူ = ___________<br>ချေးယူ = ၁၈<br>လုပ်အားခကြိုယူ = ၁၈ |

ရင်းမြစ်..ဥစ္စာဓနအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏ ၃၀ရာခိုင်နှုန်းစီအား စစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ အောင်သီရိကျေးရွာတွင် ဥစ္စာဓနအဆင့် “၃” နှင့် “၄” ရှိသော မိသားစုများသည် ချေးယူသုံးစွဲသူများဟုဆိုနိုင်သည်။ အလုပ်အကိုင်အခွင့်အလမ်းများလိုအပ်ပါသည်။

(င-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုဖ၆၄နှစ်နှင့်အထက် | - | - | - |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ် | - | - | - |
| | အိမ်ထောင်စုအရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု | ၁၅ | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို / တစ်ခုလပ်အိမ်ထောင်စု | ၄ | | |
| အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့်ဆင်းရဲသည့်အိမ်ထောင်စု | ၁၀ | | |

ရင်းမြစ်…ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

လေ့လာတွေ့ရှိချက်။ ။အောင်သီရိကျေးရွာတွင် မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အိုမရှိပါ။ အထက်ဖော်ပြပါ အိမ်ထောင်စုများအတွက် အလုပ်အကိုင်အခွင့်အလမ်းကောင်းများ လိုအပ်ပါသည်။

(င-၃) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

ဇယား (၉) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှု(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|
| ၁ | စားနပ်ရိက္ခာမဖူလုံမှု | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✓ |
| ၂ | သဘာဝရင်းမြစ်ရှားပါးမှု (မြေ၊စိုက်ပျိုးရေ) | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✓ |
| ၃ | ရေကြီးခြင်း | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✓ |
| ၄ | မိုးခေါင်ခြင်း | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✓ |
| ၅ | အအေးလွန်ကဲခြင်း | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✓ |
| ၆ | မုန်တိုင်း | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✓ |
| ၇ | ငလျင် | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✓ |
| ၈ | မီးဘေး | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✓ |
| ၉ | ဆားငန်ရေဝင်မြေ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✓ |
| ၁၀ | မြေပြိုခြင်း၊မြေဆီလွှာပျက်ယွင်းမှု | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✓ |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✓ |
| ၁၂ | ငှက်ဖျားရောဂါ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✓ |

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှု(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|
| ၁၃ | တီဘီရောဂါ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✓ |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✓ |
| ၁၅ | ပြည်တွင်းပဋိပက္ခ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✓ |
| ၁၆ | တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု | မြင့် ☐ လတ် ☐ နိမ့် ✓ မရှိ ☐ |
| ၁၇ | လူကုန်ကူးခြင်း | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✓ |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲစသည် | မြင့် ☐ လတ် ✓ နိမ့် ☐ မရှိ ☐ |

ရင်းမြစ်…ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ အောင်သီရိကျေးရွာတွင် စားနပ်ရိက္ခာမလုံလောက်မှုမရှိပါ။

(င-၄) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

| စဉ် | ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|
| ၁ | လူငယ် | မြင့် ☐လတ် ☐✓ နိမ့် မရှိ |
| ၂ | အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့်အိမ်ထောင်စု | မြင့် ☐✓ လတ် ☐ နိမ့် မရှိ ☐ |
| ၃ | မြေယာမဲ့၊ဆင်းရဲသားတောင်သူ | မြင့် ☐လတ် ☐✓ နိမ့်☐မရှိ ☐ |
| ၄ | သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင် သောအိမ်ထောင်စု/ကူးစက်ရောဂါထူပြောသောဒေသတွင်နေထိုင်သူ | မြင့် ☐လတ် ☐ နိမ့်☐မရှိ ✓ |
| ၅ | မြစ်ကမ်းဘေးနေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☐မရှိ ✓ |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများသောနေရာ (Prone to accident) တွင်နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☐✓မရှိ |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ(IDP) | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၈ | မြေနိမ့်ပိုင်းနေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၉ | ငါးကန်ပိုင်ရှင်များ | မြင့် ☐ လတ် ☐ နိမ့်☐မရှိ ✓ |
| ၁၀ | လက်လုပ်လက်စားများ၊ကျပန်းများ | မြင့် ☐ လတ် ☐ နိမ့်☐✓မရှိ |
| ၁၁ | လူနည်းစုလူမျိုးများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၁၂ | ဒေသတွင်းပဋိပက္ခဧရိယာတွင်နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၁၃ | နယ်စပ်ဒေသတွင်နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၁၄ | ရွှေတွင်းလုပ်သားများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၁၅ | ဆေးစွဲသူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၁၆ | ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၁၇ | လှည့်လည်သွားလာ၍ဈေးရောင်းသူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ |
| ၁၈ | နေရပ်ပြန်အခြေချသူများ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ |
| ၁၉ | ရွှေ့ပြောင်းလုပ်သားများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၂၀ | ကားမောင်းပြီးအသက်မွေးသူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |

ရင်းမြစ်…ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ အောင်သီရိကျေးရွာတွင် အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စုများနှင့် လက်လုပ်လက်စားကျပန်းများလုပ်ကိုင်သည့် အိမ်ထောင်စုများအနည်းငယ်ရှိသဖြင့်၄င်း အိမ်ထောင်စုများသည် သဘာ၀ဘေးနှင့် စားနပ်ရိက္ခာမဖူလုံသည့် အခြေအနေများကြုံတွေ့ပါက အခြားအိမ်ထောင်စုများထက်ပို၍ ထိခိုက်ခံစားလွယ်နိုင်ပါသဖြင့် ထိုသူများကိုဝိုင်း၀န်းကူညီပေးရန်လိုအပ်ကြောင်းလေ့လာတွေ့ရှိရပါသည်။

(၂) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများအခြေအနေ

(က-၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| ၁ | လူမှုရေးအဖွဲ့ | ၁☐၂✓၃☐ | ၁၅ | ၅ | ၂၀ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐<br>ဘာသာရေး☐✓<br>စိုက်ပျိုးမွေးမြူရေး☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး✓<br>လုံခြုံရေးနှင့်ကာကွယ်ရေး☐ | ကောင်း✓<br>သင့်☐<br>ညံ့☐ |
| ၂ | ကျောင်းကောမတီ | ၁☐၂☐၃☐ | ၄ | ၃ | ၇ | ပညာရေး✓ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐<br>လုံခြုံရေးနှင့်ကာကွယ်ရေး☐ | ကောင်း☐<br>သင့်✓<br>ညံ့☐ |
| ၃ | ရေပေးရေးကော်မတီ | ၁☐၂✓၃☐ | ၉ | ၃ | ၁၂ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐<br>လုံခြုံရေးနှင့်ကာကွယ်ရေး☐ | ကောင်း☐<br>သင့်✓<br>ညံ့☐ |
| ၄ | | ၁☐၂☐၃☐ | - | - | - | ပညာရေး☐ ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐<br>လုံခြုံရေးနှင့်ကာကွယ်ရေး☐ | ကောင်း☐<br>သင့်☐<br>ညံ့☐ |
| ၅ | | ၁☐၂☐၃☐ | | | | ပညာရေး☐ ငွေကြေး☐<br>ကျန်းမာရေး☐ ဘာသာရေး<br>စိုက်ပျိုးမွေးမြူရေး☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုး ရေး☐<br>လုံခြုံရေးနှင့်ကာကွယ်ရေး☐ | ကောင်း☐<br>သင့်☐<br>ညံ့☐ |

ရင်းမြစ်…ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု– လယ်သမားအဖွဲ့၊ငွေစုငွေချေးအဖွဲ့စသည့်။

(၂) လူမှုရေးအဖွဲ့ – ဥပမာ – အမျိုးသမီးအဖွဲ့၊လူငယ်အဖွဲ့၊ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့်ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ အောင်သီရိကျေးရွာရှိအဖွဲ့အစည်းများမှာ စွမ်းဆောင်ရည်အသင့်အတင့် ကောင်းမွန်ကြပါသည်။

**(က–၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ**

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

| စဉ် | အမည် | အဖွဲ့အစည်းအမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်) | အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့်အစီအစဉ်(အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်) |
|---|---|---|---|
| ၁ | | ၁☐၂☐၃☐၄☐၅☐၆☐၇☐ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐ |
| ၂ | | ၁☐၂☐၃☐၄☐၅☐၆☐၇☐ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐ |

ရင်းမြစ်…ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ–ဓမ္မစကူးလ်ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ– Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ရန်ပုံငွေဖြင့်ဆောင်ရွက်သောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာ– ကုလသမဂ္ဂအဖွဲ့၊ကမ္ဘာ့ဘဏ်၊အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ရန်ပုံငွေဖြင့်ဖွဲ့စည်းထားသောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှဒေသအကျိုးပြည်သူ့အကျိုးကိုထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာဥပဒေ၊နည်းဥပဒေ၊လမ်းညွှန်ချက်များဖြင့်ပြဌာန်းကာဖွဲ့စည်းပေးထားနေသောအဖွဲ့အစည်း၊အသင်းအဖွဲ့များ(ဥပမာ- သမဝါယမဦးစီးဌာန၏သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏မြစိမ်းရောင်စသည်) တို့ကိုဤဇယားတွင် ထည့်သွင်းဖော်ပြခြင်းမပြုပါရန်။

လေ့လာတွေ့ရှိချက်။ ။ အောင်သီရိကျေးရွာတွင်ဖွံ့ဖြိုးရေးဆောင်ရွက်နေသည့် ပြင်ပအဖွဲ့အစည်းမရှိကြောင်းလေ့လာတွေ့ရှိရပါသည်။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု

| စဉ် | မြေပိုင်ဆိုင်မှုအရွယ်အစား | အိမ်ထောင်စုအရေအတွက် | ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက် |
|---|---|---|---|
| ၁ | မြေယာမဲ့ | ၈၅ | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ကေအောက် | ၁၀ | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ကေမှ၅ကေကြား | ၁၅ | တောင်သူငယ် |
| ၄ | ၅ကေမှ၁၂.၅ကေကြား | ၂၅ | တောင်သူလတ် |
| ၅ | ၁၂.၅ကေအထက် | ၁ | တောင်သူကြီး |
| ကျေးရွာရှိအိမ်ထောင်စုစုပေါင်း | | ၁၃၆ | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ အောင်သီရိကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုများနှင့် ဆင်းရဲသားတောင်သူများနှင့် တောင်သူငယ်များ အများစုရှိပါသည်။

(၂) အစိုးရနှင့်ပုဂ္ဂလိကရေအရင်းအမြစ်များမှရေသွင်းနိုင်သည့်ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ရေအရင်းအမြစ်နှင့်ရေသွင်းဧရိယာ

| စဉ် | အရင်းအမြစ် | ရေသောက် (ဧက) | ရေရရှိနိုင်မှု | |
|---|---|---|---|---|
| | | | တစ်နှစ်ပတ်လုံး/ ရာသီအလိုက်(မှန်ရာတစ်ခုကိုသာရွေးရန်) | လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်) |
| ၁ | ဆည် | - | တစ်နှစ်ပတ်လုံး☐ရာသီအလိုက်☐ မဖြေဆိုပါ☐ | ရှိ☐ မရှိ☐ မဖြေဆိုပါ☐ |
| ၂ | ရေလွှဲဆည် | - | တစ်နှစ်ပတ်လုံး☐ရာသီအလိုက်☐ မဖြေဆိုပါ☐ | ရှိ☐ မရှိ☐ မဖြေဆိုပါ☐ |
| ၃ | မြစ်ရေတင် စီမံကိန်း | - | တစ်နှစ်ပတ်လုံး☐ရာသီအလိုက်☐ မဖြေဆိုပါ☐ | ရှိ☐ မရှိ☐ မဖြေဆိုပါ☐ |

| စဉ် | အရင်းအမြစ် | ရေသောက် (ဧက) | ရေရရှိနိုင်မှု | |
|---|---|---|---|---|
| | | | တစ်နှစ်ပတ်လုံး/ ရာသီအလိုက်(မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်) | လုံလောက်မှု (ရှိ/မရှိ) (မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်) |
| ၄ | ရေသွင်းမြောင်း | – | တစ်နှစ်ပတ်လုံး☐ရာသီအလိုက်☐ မဖြေဆိုပါ☐ | ရှိ☐ မရှိ☐ မဖြေဆိုပါ☐ |
| ၅ | **အဝီစိတွင်း** | – | တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐ | ရှိ☐ မရှိ☐ မဖြေဆိုပါ☐ |
| ၆ | လက်ငင်ရေတွင်း | – | တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐ | ရှိ☐ မရှိ☐ မဖြေဆိုပါ☐ |
| ၇ | **စိမ့်စမ်းရေ** | – | တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐ | ရှိ☐ မရှိ☐ မဖြေဆိုပါ☐ |
| ၈ | **ချောင်းရေ** | – | တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ဖြေဆိုပါ | ရှိ☐ မရှိ☐ မဖြေဆိုပါ☐ |

ရင်းမြစ်… (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊စိုက်ပျိုးရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ အောင်သီရိကျေးရွာတွင် စိုက်ပျိုးရေမရရှိနိုင်ပါ။

(၃) အဓိကသီးနှံများနှင့်အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့်အထွက်နှုန်း

| သီးနှံ | စုစုပေါင်း စိုက်ဧက | တစ်ဧကအထွက်နှုန်း | | | | သီးနှံစိုက်ပျိုးသည့် ကာလ | | သွင်းအားစုလိုအပ်ချက် (မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်) | အမြတ် ရရှိနိုင်မှု(မှန်ရာ <u>တစ်ခုကိုသာ</u>ရွေး ရန်) |
|---|---|---|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျှမ်းမျှ | မှ | ထိ | | |
| **စပါး** | ၆၉ | တင်း | ၆၀ | ၁၀၀ | ၈၀ | ဇွန် | နိုဝင်ဘာ | မြင့်☐လတ်✓နိမ့်☐ | မြင့်☐ လတ်✓ နိမ့်☐ |
| **နှမ်း** | ၂၉ | တင်း | ၇ | ၁၃ | ၁၀ | ဇူလိုင်လ | ဒီဇင်ဘာ | မြင့်☐လတ်✓နိမ့်☐ | မြင့်☐ လတ်☐ နိမ့်✓ |
| မတ်ပဲ | ၁၅ | တင်း | ၅ | ၁၅ | ၁၀ | နိုင်ဝင်ဘာလ | ဧပြီလ | မြင့်☐လတ်✓နိမ့်☐ | မြင့်☐ လတ်☐ နိမ့်✓ |
| ကြံ | ၃၀ | တန် | ၄ | ၈ | ၆ | ဒီဇင်ဘာ | ဒီဇင်ဘာ | မြင့်☐ လတ် နိမ့်☐ | မြင့်☐ လတ်☐ နိမ့်✓ |
| ပဲတီစိမ်း | ၁၀ | တင်း | ၇ | ၁၃ | ၁၀ | မေ | ဩဂုတ် | မြင့်☐လတ်☐နိမ့်✓ | မြင့်☐ လတ်☐ နိမ့်✓ |
| မြေပဲ | ၁၆ | တင်း | ၃၀ | ၅၀ | ၄၀ | နိုဝင်ဘာ | ဒီဇင်ဘာ | မြင့်☐လတ်☐နိမ့်✓ | မြင့်☐ လတ်☐ နိမ့်✓ |

ရင်းမြစ်…ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ အောင်သီရိကျေးရွာ၏စပါးစိုက်တောင်သူများသည် မိုးရေကိုသာ အဓိကထား၍ စိုက်ပျိုးလျှက်ရှိပြီး ပြောင်း၊နှမ်းနှင့်ပဲတို့ကိုလည်း စိုက်ပျိုးကြပြီး စိုက်ပျိုးရေး ဖြစ်ထွန်းအောင်မြင်စေရန် စိုက်ပျိုးရေလိုအပ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(၄) လယ်ယာသုံးစက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏စိုက်ပျိုးရေးသုံးကိရိယာများပိုင်ဆိုင်မှု

| စက်အမျိုးအစား | တစ်ဦးချင်းပိုင် | ရွာပိုင် | အဖွဲ့ပိုင် | ငှားရမ်းလုပ်ကိုင်နေသောတောင်သူအရေအတွက် |
|---|---|---|---|---|
| ထွန်စက် | ၁ | - | - | - |
| လက်တွန်းထွန်စက် | ၁ | - | - | - |
| အစေ့ချကိရိယာ | - | - | - | - |
| ရိတ်သိမ်းခြွေလှေ့စက် | - | - | - | - |
| ရိတ်သိမ်းစက် | - | - | - | - |
| ခြွေလှေ့စက် | - | - | - | - |
| ရေစုပ်စက် | - | - | - | - |
| ခြေနင်းရေတင်စက် | - | - | - | - |
| မြက်ရိတ်စက် | ၂ | - | -- | - |

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ အောင်သီရိကျေးရွာမှ စက်မှုလယ်ယာသုံး စက်ကိရိယာပိုင်ဆိုင်မှု နည်းပါးပါသည်။

(၅) သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းများ

| အခွင့်အလမ်း | ဖော်ပြချက်/ရှင်းလင်းချက်(မှန်ရာတစ်ခုကိုသာရွေးရန်။ ဇယား၁၇နှင့်၁၈ကို ချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။) |
|---|---|
| သဘာဝရေမြေရာသီဥတုအနေအထား | အလွန်ကောင်း✓ကောင်း☐သင့်တင့်မျှတ☐မဖြေဆိုပါ☐ |
| လယ်ယာမြေအသုံးချနိုင်မှု | အလွန်ကောင်း☐ကောင်း☐✓သင့်တင့်မျှတမဖြေဆိုပါ☐ |
| စိုက်ပျိုးရေအရင်းအမြစ် | ပေါများ☐✓အသင့်အတင့်ရှိမဖြေဆိုပါ☐ |
| ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု | အလွယ်တကူရသည်☐ရသည်✓မဖြေဆိုပါ☐ |
| သီးနှံမျိုးစေ့ရရှိနိုင်မှု | မျိုးကောင်းမျိုးသန့်များကိုလွယ်ကူစွာဝယ်ယူနိုင်သည်သီးနှံမျိုးစေ့များဝယ်ယူရရှိနိုင်သည်☐✓ မဖြေဆိုပါ☐ |
| သဘာဝမြေဆွေး / အော်ဂဲနစ်မြေဩဇာနှင့်အခြားအော်ဂဲနစ်သွင်းအားစုများ | လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ဝယ်ယူရနိုင်သည်✓မဖြေဆိုပါ☐ |
| ဓာတုပိုးသတ်ဆေး၊ဓာတ်မြေဩဇာနှင့်အခြားဓာတုဗေဒသွင်းအားစုများ | လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ဝယ်ယူရနိုင်သည်✓ မဖြေဆိုပါ☐ |
| လုပ်သားရရှိနိုင်မှု | အလွယ်တကူရနိုင်သည်☐ရနိုင်သည်✓မဖြေဆိုပါ☐ |
| နည်းပညာ၊အုပ်ချုပ်ရေးပိုင်းဆိုင်ရာဝန်ဆောင်မှုများ | အလွယ်တကူရနိုင်သည်☐ရနိုင်သည်☐မဖြေဆိုပါ✓ |
| သီးနှံဈေးကွက်နှင့်ကုန်သွယ်မှု | သီးနှံများကိုလွယ်ကူစွာနှင့်ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်သည်☐ သီးနှံများကိုရောင်းချနိုင်သည်✓မဖြေဆိုပါ☐ |

**ရင်းမြစ်… (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီးဌာနများ။**

**လေ့လာတွေ့ရှိချက်။ ။ သီးနှံအထွက်တိုးစေမည့် အရေးကြီးဆုံးအပိုင်းမှာ နည်းပညာပိုင်းနှင့်စိုက်ပျိုးရေရှိရန်လိုအပ်လျှက်ရှိကြောင်း ထိုနည်းပညာများရရှိပါ အောင်သီရိကျေးရွာရှိ တောင်သူများ သီးနှံအထွက်တိုးမည်ဖြစ်ကြောင်း လေ့လာတွေ့ရှိ ရပါသည်။**

**(၆) သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့်အခက်အခဲများ**

**ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့်အခက်အခဲများ**

| ပြဿနာနှင့်အခက်အခဲများ | ဖော်ပြချက်/ရှင်းလင်းချက်<br>(<u>အနည်းဆုံးတစ်ခုနှင့်အထက်</u>ရွေးနိုင်သည်။ဇယား ၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။) |
|---|---|
| သဘာဝရေမြေရာသီဥတုအနေအထား | မြေဆီဩဇာမကောင်း☐ ရာသီဥတုမမှန်☐မဖြေဆိုပါ✓ |
| လယ်ယာမြေအသုံးချနိုင်မှု | လယ်ယာမြေတိုးချဲ့နိုင်မှုမရှိပါ ☐ လယ်ယာမြေဆုံးရှုံးမှုများသည် ☐ လယ်ယာမြေဆုံးရှုံးမှုအသင့်အတင့်ရှိသည် ☐ ပလပ်မြေများရှိသည် ☐ ပလပ်မြေအသင့်အတင့်ရှိသည် ☐ မဖြေဆိုပါ ✓ |
| စိုက်ပျိုးရေအရင်းအမြစ် | **အလွယ်တကူမရနိုင်☐လုံးဝမရ☐မဖြေဆိုပါ✓** |
| ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု | **အလွယ်တကူမရနိုင်☐လုံးဝမရ☐မဖြေဆိုပါ✓** |
| သီးနှံမျိုးစေ့ရရှိနိုင်မှု | **အလွယ်တကူမရနိုင်☐လုံးဝမရ☐မဖြေဆိုပါ✓** |
| သဘာဝမြေဆွေး / အော်ဂဲနစ်မြေဩဇာနှင့် အခြားအော်ဂဲနစ်သွင်းအားစုများ | **အလွယ်တကူမရနိုင်☐လုံးဝမရ☐မဖြေဆိုပါ✓** |
| ဓာတုပိုးသတ်ဆေး၊ဓာတ်မြေဩဇာ နှင့် အခြား ဓာတုဗေဒသွင်းအားစုများ | **အလွယ်တကူမရနိုင်☐လုံးဝမရ☐မဖြေဆိုပါ✓** |
| လုပ်သားရရှိနိုင်မှု | **အလွယ်တကူမရနိုင်☐လုံးဝမရ☐မဖြေဆိုပါ✓** |
| နည်းပညာ၊အုပ်ချုပ်ရေးပိုင်းဆိုင်ရာဝန်ဆောင်မှုများ | **အလွယ်တကူမရနိုင်☐လုံးဝမရ☐မဖြေဆိုပါ✓** |
| သီးနှံဈေးကွက်နှင့်ကုန်သွယ်မှု | သီးနှံများကိုလွယ်ကူစွာနှင့်ဈေးနှုန်းမှန်ကန်စွာဖြင့်မရောင်းချနိုင်ပါ✓ သီးနှံများကိုရောင်းချရန်ဈေးကွက်မရှိပါ☐မဖြေဆိုပါ✓ |
| ဖျက်ပိုးနှင့်ရောဂါကျရောက်မှု | ဆိုးရွားစွာကျ☐အသင့်အတင့်ကျ✓အနည်းငယ်☐မဖြေဆိုပါ☐ |
| ရာသီဥတုဒဏ်ခံနိုင်သည့်သီးနှံများနှင့် ပတ်သက်သော သတင်းအချက်အလက် လက်လှမ်းမီမှု | **အလွယ်တကူမရနိုင်☐လုံးဝမရ☐မဖြေဆိုပါ✓** |
| ရာသီအလိုက်ရာသီဥတုခန့်မှန်းချက်များနှင့် သီးနှံစီမံခန့်ခွဲမှုဆိုင်ရာ အကြံဉာဏ်များလက်လှမ်းမီမှု | **အလွယ်တကူမရနိုင်☐လုံးဝမရ☐မဖြေဆိုပါ✓** |

**ရင်းမြစ် (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီးဌာနများ။**

**လေ့လာတွေ့ရှိချက်။ ။ အောင်သီရိကျေးရွာတွင်ကျပန်းလုပ်ကိုင်နေသည့် အိမ်ထောင်စုများပြားသော်လည်း အသက်မွေးဝမ်းကျောင်းပြုနိုင်သည့် နည်းပညာအားနည်းသောကြောင့်**

အလုပ်အကိုင်အခွင့်အလမ်းနည်းပါးပြီး ပြည်ပနိုင်ငံများတွင် သွားရောက်လုပ်ကိုင်သည့် လူဦးရေအနည်းငယ်တွေ့ရှိရပါသည်။ မိုးစပါးစိုက်ပျိုးရာတွင် စပါးဖျက်ပိုးနှင့် ခရုဖျက်ပိုးများ အနည်းငယ်ရှိသဖြင့် ဆုံးရှုံးမှုအနည်းငယ်ရှိပါသည်။ စိုက်ပျိုးမြေများသည် မြေဩဇာကောင်းမွန်ပြီး ပုံမှန်မိုးရေချိန်လုံလောက်မှုရှိပါသည်။နည်းပညာအားနည်းသောကြောင့် စိုက်ပျိုးရေးဆိုင်ရာ နည်းပညာများလာရောက်ဝေမျှမည်ဆိုပါက စိုက်ပျိုးရေးတွင် အထွက်နှုန်းကောင်းမွန်ပြီး အရည်အသွေးပြည့်ဝသောထုတ်ကုန်များ ရရှိလာနိုင်ပါမည်။

(ခ-၂) မွေးမြူရေးလုပ်ငန်း

(၁) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

ဇယား (၁၉) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

| မွေးမြူရေးနှင့်ငါးလုပ်ငန်း | မွေးမြူရေးနှင့်ငါးလုပ်ငန်းလုပ်ကိုင်နေသောအိမ်ထောင်စု | ကောင်ရေ |
|---|---|---|
| **မွေးမြူရေး** | | |
| နွား | ၂၅ | ၈၀ |
| နို့စားနွား | - | - |
| ကျွဲ | ၃ | ၁၅ |
| မြင်း | - | - |
| မြည်း | - | - |
| လား | - | - |
| ဆိတ် | - | - |
| သိုး | - | - |
| ဝက် | ၁၀၀ | ၁၅၀ |
| ကြက် | ၁၀၀ | ၃၅၀ |
| ဘဲ | | |
| နွားနောက် | | |
| **ငါးလုပ်ငန်း** | | |
| ငါးကန် | - | - |
| ပုဇွန်ကန် | - | - |
| ဂဏန်းမွေးမြူရေးလုပ်ငန်း | - | - |
| ရေချိုငါးဖမ်းလုပ်ငန်း | - | - |
| ကမ်းလွန်ငါးဖမ်းလုပ်ငန်း | - | - |

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ အောင်သီရိကျေးရွာတွင် နွားနှင့်ဝက်မွေးမြူရေးတို့အား တစ်ပိုင်တစ်နိုင်သာ မွေးမြူကြပါသည်။ မိုးရာသီတွင် လျှာနာ၊ခွာနာ ရောဂါများလည်းဖြစ်ပွားမှု အနည်းငယ်ရှိပါသည်။

## (၂) မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက်အခွင့်အလမ်းများ

